## 2 သန်းခေါင်စာရင်း

သန်းခေါင်စာရင်းစနစ်ဆိုရာ၌ တစ်ဦးချင်း၏ မွေးဖွားမှု၊ သေဆုံးမှု၊ လက်ထပ်ခြင်း စသည့် မိမိနှင့်သက်ဆိုင်သည်များကို မှတ်ပုံတင်၍ တရားဝင်အသိအမှတ်ပြု သက်သေခံသောစနစ်ဖြစ်သည်။ သန်းခေါင်စာရင်းဥပဒေသည် ဒေသတွင်းနေထိုင်သူများအပေါ် သက်ရောက်မှုရှိသည့်အတွက် ဂျပန်နိုင်ငံတွင်းရှိ နိုင်ငံခြားသားများနှင့်လည်း အကျုံးဝင်ပါသည်။ ထို့ကြောင့် ဂျပန်နိုင်ငံတွင် နေထိုင်နေသောနိုင်ငံခြားသားများသည် ဂျပန်နိုင်ငံတွင်း၌ မွေးဖွား၊ သေဆုံးလျှင်သော်လည်းကောင်း ၊ လက်ထပ်၊ ကွာရှင်းလျှင်သော်လည်းကောင်း သန်းခေါင်စာရင်းဥပဒေနှင့်အညီ မိမိနေထိုင်ရာမြို့နယ်အစိုးရရုံး၌ အကြောင်းကြားရပါမည်။ ၎င်းအကြောင်းကြားစာများကို ရုံးမှ ထိန်းသိမ်းထား၍ နောင်တွင် ယင်းလူနှင့်ပတ်သက်သက်ဆိုင်သောအရာများကို သက်သေခံနိုင်မည့် စာရွက်စာတမ်းများဖြစ်လာပါမည်။

※ မွေးဖွားမှုနှင့် သေဆုံးမှုရှိခဲ့လျှင် တချိန်တည်း၌ မိမိနိုင်ငံတွင်လည်း အသိပေးအကြောင်းကြားပါ။ လုပ်ထုံးလုပ်နည်းများကို ဂျပန်နိုင်ငံရှိ သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး တွင် စုံစမ်းပါ။